# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# ၁၂ နှစ်တာ မှတ်တမ်း

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဥပယျောဇဉ် | ၁ |
| ၂ | နိဒါန်း | ၄ |
| ၃ | အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ သဘော သဘာဝ | ၅ |
| ၄ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပေါ်ပေါက်လာပုံ | ၈ |
| ၅ | ကော်မရှင်လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း | ၉ |
| ၆ | ကော်မရှင်ရုံး စတင်ဖွင့်လှစ်ခြင်း | ၉ |
| ၇ | ကော်မရှင်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ | ၁၀ |
| ၈ | ကော်မရှင်၏ မျှော်မှန်းချက် | ၁၂ |
| ၉ | ကော်မရှင်၏ ရည်ရွယ်ချက် | ၁၂ |
| ၁၀ | ကော်မရှင်၏ ရည်မှန်းချက် | ၁၂ |
| ၁၁ | ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၁၂ |
| ၁၂ | ကော်မရှင်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ | ၁၅ |
| ၁၃ | ကော်မရှင် ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ | ၁၅ |
| ၁၄ | ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ သည့် ကော်မရှင်အဖွဲ့ဝင်များ | ၁၆ |
| ၁၅ | ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တာဝန်ထမ်း ဆောင်ခဲ့သည့် ကော်မရှင်အဖွဲ့ဝင်များ | ၁၇ |
| ၁၆ | ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အထိ တာဝန်ထမ်း ဆောင်ခဲ့သည့် ကောင်မရှင်အဖွဲ့ဝင်များ | ၁၉ |
| ၁၇ | လက်ရှိအချိန်ထိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကော်မရှင်အဖွဲ့ဝင်များ | ၂၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈ | ကော်မရှင်ရုံး အကြီးအမှူး တာဝန်ထမ်းဆောင်ခဲ့သူများ | ၂၂ |
| ၁၉ | ကော်မရှင်ရုံး ဖွဲ့စည်းပုံ | ၂၂ |
| ၂၀ | နိုင်ငံတကာ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း<br>• အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်<br>• အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်<br>• အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး | ၂၃ |
| ၂၁ | ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှုခံယူခြင်း | ၂၆ |
| ၂၂ | ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀ - ၂၀၂၄) ရေးဆွဲရေးလုပ်ငန်းစဉ် ဆောင်ရွက်ခြင်း | ၂၇ |
| ၂၃ | လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် အခမ်းအနားများ ကျင်းပခြင်း | ၂၈ |
| ၂၄ | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားများ ကျင်းပခြင်း | ၂၉ |
| ၂၅ | ကော်မရှင်ရုံးနှင့် ရုံးခွဲများ | ၃၁ |
| ၂၆ | ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များ | ၃၅ |
| ၂၇ | နိဂုံး | ၃၆ |
| ၂၈ | ကော်မရှင်မှ နှစ်အလိုက် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်များ **"နောက်ဆက်တွဲ (က)"** | ၃၇ |
| ၂၉ | ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ **"နောက်ဆက်တွဲ (ခ)"** | ၅၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၃၀ | ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ ကြည့်ရှုစစ်ဆေးခြင်းနှင့် ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း အခြေပြဇယား **“နောက်ဆက်တွဲ (ဂ)”** | ၆၁ |
| ၃၁ | နိုင်ငံတော်က အတည်ပြု ပါဝင်ချုပ်ဆိုနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က အကြံပြုခဲ့သည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များ **“နောက်ဆက်တွဲ (ဃ)”** | ၆၂ |
| ၃၂ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က လူ့အခွင့်အရေး ရှုထောင့်မှ အကြံပြုခဲ့သည့် ပြည်တွင်းဥပဒေများနှင့် အခြားအကြံပြုဆောင်ရွက်ချက်များ **“နောက်ဆက်တွဲ (င)”** | ၆၇ |
| ၃၃ | ၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ သွားရောက်ခဲ့သည့် ပြည်ပခရီးစဉ် **“နောက်ဆက်တွဲ (စ)”** | ၈၂ |
| ၃၄ | ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလအထိ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အပါအဝင် ကော်မရှင် ရုံးဝန်ထမ်းများ Online Virtual System ဖြင့် တက်ရောက်ခဲ့သော အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများ **“နောက်ဆက်တွဲ (ဆ)”** | ၈၃ |
| ၃၅ | ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ၊ စက်တင်ဘာလအထိ စွမ်းရည်မြှင့်တင်ရေး Digital Literacy နည်းပညာဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များ **“နောက်ဆက်တွဲ (ဇ)”** | ၈၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၆ | မှတ်တမ်းဓာတ်ပုံများ | ၈၅ |
| ၃၇ | ကိုးကားချက်များ | ၁၁၁ |

# ဥယျောဇဉ်



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (Myanmar National Human Rights Commission – MNHRC) ကို နိုင်ငံသားများ၏ မူလအခွင့်အရေးများ မြှင့်တင်ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် လူ့အခွင့်အရေးကို လေးစားကာကွယ်သည့် လူမှုအဖွဲ့အစည်း တစ်ရပ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် မျှော်မှန်းလျက် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

ကမ္ဘာ့နိုင်ငံပေါင်း (၁၃၀) တွင် လူ့အခွင့်အရေး အဖွဲ့အစည်းများ၊ ကော်မရှင်များ ဖွဲ့စည်းထားရှိကြပါသည်။ ထိုသို့ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ (National Human Rights Institutions – NHRIs) ဖွဲ့စည်းကြရာတွင် ကမ္ဘာ့နိုင်ငံများက စံအဖြစ် အတည်ပြုသတ်မှတ်ထားသော Paris Principles (ခေါ်) ပါရီအခြေခံမူများနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ကြရသည့် အားလျော်စွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုလည်း ထို စံနှုန်းထားများကို အခြေပြု၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ထိုစံနှုန်းထားများတွင် လူ့အခွင့်အရေးအဖွဲ့အစည်းများကို သီးခြားဥပဒေ သို့မဟုတ် ဥပဒေကဲ့သို့ အလားသဏ္ဍာန်တူသော ပြဋ္ဌာန်းသတ်မှတ်မှုတစ်ရပ်ရပ်ဖြင့် ဖွဲ့စည်းစေကာ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းတာဝန်များကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ပေးထားလေ့ရှိပါသည်။ မြန်မာနိုင်ငံ

အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေကိုလည်း ပါရီအခြေခံမူများနှင့် လိုက်လျောညီထွေမှုရှိစေရန်၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာနများ၊ တတ်သိပညာရှင်များ ပူးပေါင်း ဆွေးနွေး အကြံပြု ရေးဆွဲခဲ့ကြကြောင်း လေ့လာမှတ်သားရပါသည်။ ထိုဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့တွင်လည်း အကြိမ်ကြိမ်ဆွေးနွေးကာ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ အဖြစ် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေနှင့်အညီ ကော်မရှင်ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် အဖွဲ့ဝင် (၁၁) ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။

အဆိုပါ ကော်မရှင်အဖွဲ့ သက်တမ်းပြည့်ပြီးနောက်တွင် လက်ရှိကော်မရှင်အဖွဲ့ကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် (၁၁) ဦးဖြင့် ထပ်မံဖွဲ့စည်းပေးခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူချိန်တွင် လက်ရှိကော်မရှင်အဖွဲ့ကို တာဝန်ဆက်လက်ပေးအပ်ခဲ့ပါသည်။

မည်သို့ပင်ဖွဲ့စည်းစေကာမူ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကော်မရှင်ဥပဒေတွင် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားရှိသည့်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ကြရပါသည်။ အဓိကလုပ်ငန်းတာဝန်များမှာ ပြည်သူများအား လူ့အခွင့်အရေး ပညာပေးရေးနှင့် လူ့အခွင့်အရေး အသိပညာပြန့်ပွားရေးကို မြှင့်တင်ဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးဖောက်ဖျက်ခံရခြင်း မရှိစေရန် ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေများ၊ စာချုပ်များနှင့် လိုက်လျောညီထွေမှု ရှိစေရန် အကြံပြုခြင်း၊ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သော လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ တင်ပြအကြံပြုခြင်း၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများသာမက ဒေသဆိုင်ရာ

နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးယန္တရားများနှင့် ထိတွေ့ဆောင်ရွက်ရခြင်း စသည့် ကျယ်ပြန့်သိမ်မွေ့သော တာဝန်နှင့် လုပ်ငန်းများ ဖြစ်ကြပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ထိုကဲ့သို့ ကျယ်ပြန့်သိမ်မွေ့သော တာဝန်များကို ထမ်းရွက်လာခဲ့သည်မှာ ယခုဆိုလျှင် (၁၂) နှစ်တာခရီးသို့ ကျော်လွန်ရောက်ရှိခဲ့ပြီး ဖြစ်ပါသည်။ ယနေ့မျက်မှောက်ကမ္ဘာကြီးသည် ယခင်ကာလနှင့်မတူ အထူးထူးအပြားပြားသော စိန်ခေါ်မှု အသစ်များကို ရင်ဆိုင်လာနေကြရပြီ ဖြစ်ပါသည်။ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု၊ အစာရေစာ ရှားပါးလာမှု၊ သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်လာရမှု၊ နိုင်ငံအချင်းချင်း ပဋိပက္ခဖြစ်မှု၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာ အငြင်းပွားမှု၊ စီးပွားရေး၊ နိုင်ငံရေး မတည်ငြိမ်မှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် ပဋိပက္ခများ တိုးလာမှု၊ အင်တာနက်နှင့် ဆိုရှယ်မီဒီယာများကို အလွဲသုံးစားလုပ်၍ သတင်းမှားများ ဖြန့်ချိမှု၊ လိမ်လည်မှု စသည့် အကြောင်းအရာများသည် လူ့အခွင့်အရေးနယ်ပယ်အပေါ် ကြီးမားသော သက်ရောက်မှုများ ရှိလာနေပါသည်။ မည်သို့သော စိန်ခေါ်မှုများ ရှိစေကာမူ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံတော်၏ လုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားတို့ကို ဦးထိပ်ထားကာ နိုင်ငံသားများ၏ အခွင့်အရေးကို မြှင့်တင်ကာကွယ်စောင့်ရှောက်မှုမှတစ်ဆင့် လူ့အခွင့်အရေးကို လေးစားလိုက်နာသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်း တစ်ရပ် ပေါ်ပေါက်လာရေး ရည်ရွယ်ချက်ကို မျက်ခြေပြတ် မခံဘဲ ဆက်လက်ကြိုးပမ်း ထမ်းဆောင်သွားမည် ဖြစ်ပါကြောင်း (၁၂) နှစ်တာ မှတ်တမ်း စာအုပ်ငယ်ဖြင့် ဂုဏ်ပြုဖော်ပြအပ်ပါသည်။

ပေါ်လွင်စိန်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# နိဒါန်း

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။ ကော်မရှင်သည် ဥပဒေအရ လွတ်လပ်သည့် နိုင်ငံတော်အဆင့် အဖွဲ့အစည်းဖြစ်ပြီး မြန်မာနိုင်ငံ သမိုင်းတွင် ပထမဆုံး စတင်ပေါ်ပေါက်ခဲ့သည့် လူ့အခွင့်အရေး ကော်မရှင် ဖြစ်ပါသည်။ ကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၁ ခုနှစ်မှ စတင်၍ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခု ၂၀၂၃ ခုနှစ်တွင် ၁၂ နှစ်တာခရီး ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ အဆိုပါ ၁၂ နှစ်တာကာလအတွင်း ကော်မရှင်၏ ဖြစ်ပေါ် တိုးတက်ပြောင်းလဲမှု အဆင့်ဆင့်ကို မှတ်တမ်းတင်ထားရှိရန် ကော်မရှင်၏ ၁-၉-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၃) ဖြင့် ကော်မရှင် အဖွဲ့ဝင် ဦးဆောင်သော ကော်မရှင် ၁၂ နှစ်တာမှတ်တမ်း ပြုစုထုတ်ဝေရေး အဖွဲ့က ကော်မရှင်၏ အတည်ပြုချက်အရ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့် အရေးကော်မရှင် ၁၂ နှစ်တာမှတ်တမ်း စာအုပ်အား ပြုစုထုတ်ဝေခြင်းဖြစ် ပါသည်။

## အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ သဘောသဘာဝ

အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ (National Human Rights Institutions – NHRIs) သည် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံအသီးသီးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ် ပြဋ္ဌာန်း၍သော်လည်းကောင်း၊ အမိန့်ကြော်ငြာစာများဖြင့်သော်လည်းကောင်း တည်ထောင်ထားရှိသော သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ အဆိုပါ လူ့အခွင့်အရေး အဖွဲ့အစည်းများသည် ယင်းတို့၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် အစိုးရ၏ သက်ရောက်မှု မပါရှိဘဲ သီးခြားလွတ်လပ်စွာ ဆောင်ရွက်လေ့ ရှိကြသကဲ့သို့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (Non-Governmental Organizations – NGOs) နှင့်လည်း သဘောသဘာဝ တူညီခြင်း မရှိပါ။ သို့ရာတွင် လူ့အခွင့်အရေး ကိစ္စရပ်များအတွက် အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပေါင်းကူးတံတားအဖြစ် ဆောင်ရွက်လေ့ရှိကြပါသည်။ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ (NHRIs) အနေဖြင့် ပြည်သူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် နိုင်ငံတော်၏ တာဝန်ရှိမှုအကြား လိုအပ်နေသည့် ကွက်လပ်ကို ဖြည့်တင်း ပေါင်းကူးပေးရသည့်တာဝန်ကို အောက်ပါနည်းလမ်းများဖြင့် လုပ်ဆောင်ကြပါသည် –

- နိုင်ငံအတွင်းရှိ လူ့အခွင့်အရေး အခြေအနေများနှင့် အစိုးရ၏ လုပ်ဆောင်ချက်များကို လူ့အခွင့်အရေးရှုထောင့်မှ စောင့်ကြည့်လေ့လာခြင်း၊
- လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း ဥပဒေများကို အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရသို့ အကြံပြု တိုက်တွန်းချက်များ ပေးပို့ခြင်း၊
- လူ့အခွင့်အရေး ဖောက်ဖျက်ခံရခြင်းများနှင့် စပ်လျဉ်းသည့် တိုင်တန်းချက်များ လက်ခံခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဖြေရှင်း

ဆောင်ရွက်ခြင်း၊

- လူမှုအသိုက်အဝန်း ကဏ္ဍအားလုံးအတွက် လူ့အခွင့်အရေး အသိပညာမြှင့်တင်ရန် ပညာပေးခြင်း အစီအစဉ်များအပါအဝင် နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်ခြင်း၊
- နိုင်ငံတကာ လူ့အခွင့်အရေး အသိုက်အဝန်းနှင့် ထိတွေ့ဆွေးနွေးမှုများ ဆောင်ရွက်ပြီး လူ့အခွင့်အရေး ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ အစိုးရက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် အကြံပြုတိုက်တွန်းမှုများ ဆောင်ရွက်ခြင်း။

အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများကို ဖွဲ့စည်းတည်ထောင်ရာတွင် ပါရီအခြေခံမူများကို အနိမ့်ဆုံးစံထားပြီး သတ်မှတ်တည်ထောင်ကြပါသည်။ ယင်းပါရီအခြေခံမူများ၏ အဓိကအချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် –

- လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပိုင်ခွင့်၊
- လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်၊
- လွတ်လပ်စွာဆောင်ရွက်ခွင့်ကို ဥပဒေအရ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံထားခြင်း၊
- လူမှုအသိုက်အဝန်းအသီးသီးကို ကိုယ်စားပြုသော အဖွဲ့ဝင်များပါဝင်ခြင်း၊
- လုံလောက်သော အရင်းအမြစ်များ ရရှိခြင်း၊
- လုံလောက်သော စုံစမ်းစစ်ဆေးရန် လုပ်ပိုင်ခွင့်ရှိခြင်း။

ယနေ့ ကမ္ဘာကြီးတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းတည်ထောင်ထားရှိသော နိုင်ငံပေါင်း ၁၃၀ ရှိသည့်အနက် ၈၈ နိုင်ငံရှိ လူ့အခွင့်အရေးအဖွဲ့အစည်းများသည် ပါရီအခြေခံမူများနှင့် အကိုက်ညီဆုံးဖြစ်အောင် တည်ထောင်ထားရှိသည့်အတွက် အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions – GANHRI) မှ “A” Status အဖွဲ့အစည်းများ

အဖြစ် သတ်မှတ်ထားရှိပြီး ၃၂ နိုင်ငံမှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများသည် ပါရီအခြေခံမူများနှင့် ကိုက်ညီမှုရှိသော်လည်း အပြည့်အဝ ကိုက်ညီမှုရှိရန် လိုအပ်ချက်များ ရှိနေသည့်အတွက် “B” Status အဖွဲ့အစည်းများအဖြစ် သတ်မှတ်ထားရှိပါသည်။ ကျန်ရှိသော ၁၀ နိုင်ငံမှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများမှာ Status သတ်မှတ်ထားခြင်း မရှိပါ။



# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပေါ်ပေါက်လာပုံ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖြစ် မပေါ်ပေါက်မီ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မတီကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး၏ ၂၁-၄-၂၀၀၀ ရက်စွဲပါ စာအမှတ်၊ ၁၄၂/နယက (ဥ) န၀တနှင့် ပြည်ထဲရေး၀န်ကြီးဌာန၏ ၂၆-၄-၂၀၀၀ ရက်စွဲပါ စာအမှတ်၊ ၁၀၀၊ မလက (၁)/ ပထရ ဖြင့် ၀န်ကြီးများ၊ ဒုတိယ၀န်ကြီးများ၊ ဒုတိယရှေ့နေချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်များ ပါ၀င်သည့်ပုဂ္ဂိုလ် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ၂၀၁၁ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သည့် ဒီမိုကရေစီ အစိုးရသစ်တစ်ရပ် စတင်ပေါ်ပေါက်လာခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးသည် အလေးထား ဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ် ဖြစ်သည်နှင့်အညီ အဆိုပါ လုပ်ငန်းတာ၀န်ကို ထမ်းဆောင်ရမည့် အဖွဲ့အစည်းများအနက် လူ့အခွင့်အရေးကို မြှင့်တင်ကာကွယ်စောင့်ရှောက်ပေးသည့် အဖွဲ့အစည်းသည် အရေးကြီးသော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမို၍ ကာကွယ်စောင့်ရှောက်နိုင်ရန် လိုအပ်ခြင်းကြောင့် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပ်နှင်းထားသည့် အုပ်ချုပ်မှုအာဏာအရ အုပ်ချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်ဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။

၂၀၁၂ ခုနှစ်၊ ဧပြီလ ၉ ရက်စွဲဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်မှ ပြည်ထောင်စုလွှတ်တော် နာယကထံသို့ ပေးပို့ခဲ့သည့် သဝဏ်လွှာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အပ်နှင်းထားသည့် အုပ်ချုပ်မှု အာဏာအရ အုပ်ချုပ်ရေးဆိုင်ရာ အရေးယူ ဆောင်ရွက်ချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ပေါ်ပေါက်လာသော အစိုးရသစ် လက်ထက်တွင် နိုင်ငံသားများ၏ မူလအခွင့်အရေးများအား ကာကွယ်ရေးနှင့် မြှင့်တင်ရေးတို့အတွက် မဖြစ်မနေလိုအပ်ချက်အရ ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

## ကော်မရှင်လုပ်ငန်းများ စတင်ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ရုံးတည်ရာ အမှတ် (၅၁)၊ ချင်းတွင်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် ခေတ္တဖွင့်လှစ်ကာ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှ စတင်၍ ကော်မရှင်၏ ရုံးလုပ်ငန်းတာဝန်များ ဆောင်ရွက်ခဲ့ပါသည်။ ထိုစဉ်က ကော်မရှင်ရုံးဝန်ထမ်းဟူ၍ သီးသန့်မရှိသဖြင့် နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ အရာထမ်း (၁၁) ဦး၊ အမှုထမ်း (၁၁) ဦး၊ စုစုပေါင်း ဝန်ထမ်း (၂၂) ဦးကို တွဲဖက်တာဝန်ထမ်းဆောင်စေ၍ ကော်မရှင်ရုံးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

## ကော်မရှင်ရုံး စတင်ဖွင့်လှစ်ခြင်း

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ယခု ကော်မရှင်ရုံး တည်ရှိရာ အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခဲ့ပြီး ယင်းနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကော်မရှင်ရုံးဖွင့်ပွဲ ပြုလုပ်ခဲ့ပါသည်။



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး

## ကော်မရှင်ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ

အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း တစ်ရပ်ကို ဖွဲ့စည်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ သီးခြားပြဋ္ဌာန်းသည့် ဥပဒေတစ်ရပ်အရသော်လည်းကောင်း စတင်ဖွဲ့စည်းရန် ပါရီအခြေခံမူများက ဆိုထားသည်ဖြစ်၍ နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက်အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ (မူကြမ်း) ကို ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က စတင်ရေးဆွဲခဲ့ပါသည်။ ဥပဒေ (မူကြမ်း) ရေးဆွဲရာတွင် ပြည်တွင်းရှိသက်ဆိုင်ရာအစိုးရ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ အရပ်ဘက် အဖွဲ့အစည်းများအား ချပြဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် နိုင်ငံတကာစံနှုန်းနှင့်ကိုက်ညီသော ဥပဒေတစ်ရပ်ဖြစ်စေရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကုလသမဂ္ဂလူ့

အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (Office of the High Commissioner for Human Rights – OHCHR)၊ အာရှပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (Asia Pacific Forum of National Human Rights Institutions – APF) နှင့် ဆွီဒင်နိုင်ငံရှိ Raoul Wallenberg Institute of Human Rights and Humanitarian Law – RWI တို့ထံမှလည်း အကြံဉာဏ်များရယူခဲ့ပါသည်။ ယင်းကဲ့သို့ ရေးဆွဲခဲ့သည့် ဥပဒေ (မူကြမ်း) ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခဲ့ရာ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၁) ဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင် ဥပဒေပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ ကော်မရှင်၏ လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိခြင်း၊ ပုဒ်မခွဲ (ခ) အရ ငွေကြေး စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိခြင်း၊ ကော်မရှင် ဥပဒေ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ဝန်ထမ်းဖွဲ့စည်းပုံတစ်ရပ် ရေးဆွဲပြီး လိုအပ်သော အရာထမ်းများနှင့် အမှုထမ်းများ ခန့်ထားခွင့်ရှိခြင်း၊ ပုဒ်မခွဲ (ခ) အရ ကော်မရှင် ဝန်ထမ်းရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် စည်းမျဉ်း စည်းကမ်းများကို ထုတ်ပြန်နိုင်သည့် ပြဋ္ဌာန်းချက်များအရ ကော်မရှင် ဥပဒေပုဒ်မ ၇၀ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင်လည်းကောင်း၊ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ကျွမ်းကျင်သူများကို ဖိတ်ကြား၍ ယင်းတို့၏ အကြံပြုချက်များရယူ ရေးဆွဲခဲ့ပြီး ငွေကြေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ တွင်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၂၀၁၆ ခုနှစ်၊ မတ်လတွင်လည်းကောင်း ထုတ်ပြန်ခဲ့ပါသည်။

## ကော်မရှင်၏ မျှော်မှန်းချက်

လူ့အခွင့်အရေး စံနှုန်းမြင့်မားသော နိုင်ငံ ဖြစ်လာစေရန် မျှော်မှန်းပါသည်။

## ကော်မရှင်၏ ရည်ရွယ်ချက်

မြန်မာနိုင်ငံအတွင်း၌လူ့အခွင့်အရေးမြှင့်တင်ခြင်းနှင့်ကာကွယ်ခြင်းအားဖြင့် လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်း တစ်ရပ် ပေါ်ပေါက်လာစေရန်ရည်ရွယ်ပါသည်။

## ကော်မရှင်၏ ရည်မှန်းချက်

ကော်မရှင်၏ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များ အောင်မြင်ရန်နှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် လူ့အခွင့်အရေး အခြေခံဖြင့် ပါဝင်ဆောင်ရွက်ရန် ရည်မှန်းပါသည်။

## ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ ပြဋ္ဌာန်းချက်ပါ ကော်မရှင်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –

(က) သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းဖြင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ အများပြည်သူ၏ အသိပညာ အဆင့်အတန်း မြှင့်တင်ခြင်းနှင့် ခွဲခြားမှု ပုံသဏ္ဌာန် အားလုံး ကို တိုက်ဖျက်သည့် ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင် ခြင်း၊

(ခ) လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများအား လိုက်နာမှု ရှိ၊ မရှိကို စောင့်ကြည့် လေ့လာရေး၊ မြှင့်တင်ရေးတို့နှင့် စပ်လျဉ်း၍ အောက်ပါတို့ ကို ဆောင်ရွက်ခြင်း –

(၁) နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်

ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(၂) တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်ကာကွယ်ရေးအတွက်ပြဋ္ဌာန်းသင့်သည့်ဥပဒေများနှင့်အခြားဆောင်ရွက်သင့်သည်များကို အစိုးရ အဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း၊

(၃) နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းရန် တာဝန်ရှိသည့် အစီရင်ခံစာများပြုစုရာတွင်လည်းကောင်း၊ အဆိုပါ အစီရင်ခံစာများတွင် ထည့်သွင်း ဖော်ပြသင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း အစိုးရအဖွဲ့အား ပံ့ပိုးကူညီခြင်း။

(ဂ) လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်း၊

(ဃ) တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်း၊

(င) လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားသည့်နေရာသို့ သွားရောက်စစ်ဆေးခြင်းနှင့်အကျဉ်းထောင်၊အကျဉ်းစခန်း၊ အချုပ်ခန်းများနှင့် အစိုးရ သို့မဟုတ် ပုဂ္ဂလိက ထိန်းသိမ်းစောင့်ရှောက်ရေးစခန်း၊ ဌာနများသို့ အကြောင်းကြား၍ သွားရောက်စစ်ဆေးခြင်း၊

(စ) သက်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့

အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစုများ၊ ပညာရပ်ဆိုင်ရာအဖွဲ့အစည်းတို့နှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်း၊

(ဆ) ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေး အခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review – UPR) အပါအဝင် အခြား အမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ပြည်ထောင်စုလွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် သို့မဟုတ် အစိုးရအဖွဲ့က ကော်မရှင်သို့ရည်ညွှန်းပေးပို့သောကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြန်လည်ဖြေကြားခြင်း၊

(ဈ) လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက သီးခြား ရည်ညွှန်းသော ကိစ္စရပ်များကို ပြန်လည်ဖြေကြားခြင်း၊

(ည) ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အစီရင်ခံစာများ ပြုစုခြင်းနှင့် သင့်လျော်သလို ထုတ်ပြန်ခြင်း၊

(ဋ) ကော်မရှင်၏ တာဝန်တစ်ရပ်ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်စပ်မှုရှိသည့် သို့မဟုတ် အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဌ) နိုင်ငံတော်၏ လူ့အခွင့်အရေး အခြေအနေနှင့် ကော်မရှင်၏ ဆောင်ရွက်မှုများ၊ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အကြံပြု ထောက်ခံချက်များ ပါဝင်သော နှစ်ပတ်လည် အစီရင်ခံစာကို နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စု လွှတ်တော်သို့ တင်ပြခြင်း၊

(ဍ) လိုအပ်ပါက လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းသည့် အထူးအစီရင်ခံစာများကို နိုင်ငံတော်သမ္မတထံ တင်ပြခြင်း။

## ကော်မရှင်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ

၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ **၅ ရက်နေ့တွင်** ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် ကော်မရှင်ဥက္ကဋ္ဌအဖြစ် သံအမတ်ကြီး (အငြိမ်းစား) ဦးဝင်းမြက တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေအရ နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တွင် ကော်မရှင်ဥက္ကဋ္ဌအဖြစ် သံအမတ်ကြီး (အငြိမ်းစား) ဦးဝင်းမြကပင် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် အသစ်ပြန်လည်ဖွဲ့စည်းသည့် ကော်မရှင်တွင် ဦးလှမြင့် (မြန်မာကိုယ်စားလှယ်၊ အာဆီယံအစိုးရအချင်းချင်း လူ့အခွင့်အရေး ကော်မရှင်) က ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အမိန့်အမှတ် (၄/၂၀၂၁) ဖြင့် ကော်မရှင်ဥက္ကဋ္ဌအဖြစ် ဦးလှမြင့်ကပင် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်စွဲပါ အမိန့်အမှတ် (၅၉/၂၀၂၃) ဖြင့် ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်သည် ကျန်းမာရေးအရ တာဝန်မှ အနားယူခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်စွဲပါ အမိန့်အမှတ် (၆၈/၂၀၂၃) အရ **သံအမတ်ကြီး (အငြိမ်းစား)** ဦးပေါ်လွင်စိန် က ကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

## ကော်မရှင် ဒုတိယဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များ

ကော်မရှင် စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလအထိ သံအမတ်ကြီး (အငြိမ်းစား) ဦးကျော်တင့်ဆွေကလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၀

ပြည့်နှစ်၊ ဇန်နဝါရီလအထိ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးစစ်မြိုင်ကလည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ်မှ ယနေ့အထိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် (အငြိမ်းစား) ဒေါက်တာနန္ဒာဓမ္မန်းက ကော်မရှင်ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

## ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ကော်မရှင်အဖွဲ့ဝင်များ

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၁၁) ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တွင် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့အထိ ကော်မရှင်အဖွဲ့ဝင်များအဖြစ် အောက်ပါပုဂ္ဂိုလ်များက တာဝန်ထမ်းဆောင်ခဲ့ကြပါသည် -

| | | |
|---|---|---|
| (က) | ဦးဝင်းမြ | ဥက္ကဋ္ဌ |
| (ခ) | ဦးကျော်တင့်ဆွေ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးထွန်းအောင်ချိန် | အဖွဲ့ဝင် |
| (ဃ) | ဦးလှမြင့် | အဖွဲ့ဝင် |
| (င) | ဦးသန်းဆွေ | အဖွဲ့ဝင် |
| (စ) | ဒေါက်တာဉာဏ်ဇော် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာဒေါ်သန်းနွဲ့ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်စောခင်ကြီး | အဖွဲ့ဝင် |
| (ဈ) | ဦးတင်ညို | အဖွဲ့ဝင် |
| (ည) | ဦးခွထီးရို | အဖွဲ့ဝင် |
| (ဋ) | ဦးခင်မောင်လေး | အဖွဲ့ဝင် |
| (ဌ) | ဦးလဖိုင်ဇော်ဂွန်း | အဖွဲ့ဝင် |
| (ဍ) | ဦးညွန့်ဆွေ | အဖွဲ့ဝင် |
| (ဎ) | ဒေါ်စန်းစန်း | အဖွဲ့ဝင် |
| (ဏ) | ဦးစစ်မြိုင် | အတွင်းရေးမှူး |




၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့်
ကော်မရှင်အဖွဲ့ဝင်များ

## ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ကော်မရှင်အဖွဲ့ဝင်များ

နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေနှင့်အညီ ဖွဲ့စည်းခဲ့သည့် မြန်မာ နိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့အထိ ကော်မရှင်အဖွဲ့ဝင်များအဖြစ် အောက်ပါပုဂ္ဂိုလ်များက တာဝန်ထမ်းဆောင်ခဲ့ကြပါသည်။

(က) ဦးဝင်းမြ ဥက္ကဋ္ဌ
(ခ) ဦးစစ်မြိုင် ဒုတိယဥက္ကဋ္ဌ
(ဂ) ဦးဇော်ဝင်း အဖွဲ့ဝင်
(ဃ) ဦးယုလွင်အောင် အဖွဲ့ဝင်
(င) ဦးညွန့်ဆွေ အဖွဲ့ဝင်

(စ) ဒေါက်တာမြင့်ကြည် အဖွဲ့ဝင်
(ဆ) ဒေါက်တာညဏ်ဇော် အဖွဲ့ဝင်
(ဇ) ဒေါက်တာဒေါ်သန်းနွဲ့ အဖွဲ့ဝင်
(ဈ) ဦးခင်မောင်လေး အဖွဲ့ဝင်
(ည) ဒေါ်မြမြ အဖွဲ့ဝင်
(ဋ) ဦးစိုးဘုန်းမြင့် အဖွဲ့ဝင်




၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ
တာဝန်ထမ်းဆောင်ခဲ့သည့် ကော်မရှင်အဖွဲ့ဝင်များ

နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၅၆/၂၀၁၆) ဖြင့် ကော်မရှင် အဖွဲ့ဝင်များဖြစ်သည့် ဦးဇော်ဝင်း၊ ဒေါက်တာညဏ်ဇော်၊ ဒေါက်တာဒေါ်သန်းနွဲ့ နှင့် ဒေါ်မြမြတို့အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် မိမိသဘော ဆန္ဒအလျောက် ရာထူးမှ နုတ်ထွက်ခွင့်ပြုခဲ့ပါသည်။

နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၂၀/၂၀၁၈) ဖြင့် အောက်ပါ ပုဂ္ဂိုလ်များကို ကော်မရှင် အဖွဲ့ဝင်များအဖြစ် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့

တွင် ပြည့်စွက်တာဝန်ပေးအပ်ခဲ့ပါသည် -

| | | |
|---|---|---|
| (က) | ဦးစိန်သန်း | အဖွဲ့ဝင် |
| (ခ) | ဦးညွန့်တင် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာဒေါ်တင်မေထွန်း | အဖွဲ့ဝင် |

## ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် ကော်မရှင် အဖွဲ့ဝင်များ

နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၃/၂၀၂၀) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေနှင့်အညီ ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်တွင် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့အထိ ကော်မရှင်အဖွဲ့ဝင်များအဖြစ် အောက်ပါပုဂ္ဂိုလ်များက တာဝန်ထမ်းဆောင်ခဲ့ကြပါသည် -

| | | |
|---|---|---|
| (က) | ဦးလှမြင့် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာနန္ဒာသွမ်း | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးပေါ်လွင်စိန် | အဖွဲ့ဝင် |
| (ဃ) | ဦးကျော်စိုး | အဖွဲ့ဝင် |
| (င) | ဒေါက်တာသန်းမြင့် | အဖွဲ့ဝင် |
| (စ) | ဒေါ်နုနုယဉ် | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာတင်မောင်မောင်သန်း | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာမြင့်သူမြိုင် | အဖွဲ့ဝင် |
| (ဈ) | ဦးတင်အောင် | အဖွဲ့ဝင် |
| (ည) | ဒေါ်တင်ကြည်ဦး | အဖွဲ့ဝင် |
| (ဋ) | ဦးကျော်မြင့် | အဖွဲ့ဝင် |



၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ထိ
တာဝန်ထမ်းဆောင်ခဲ့သည့် ကော်မရှင်အဖွဲ့ဝင်များ

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကော်မရှင်အဖွဲ့ဝင်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ အမိန့်အမှတ် (၄/၂၀၂၁) ဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် တာဝန်ပေးအပ်ခဲ့ပါသည်။

ကော်မရှင်အဖွဲ့ဝင် ဒေါ်တင်ကြည်ဦးသည် တာဝန်ထမ်းဆောင်နေစဉ် ၂၄-၇-၂၀၂၁ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

## လက်ရှိအချိန်ထိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကော်မရှင် အဖွဲ့ဝင်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်အမှတ် (၆၈/၂၀၂၃) ဖြင့် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ဦးပေါ်လွင်စိန်အား ကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ကော်မရှင်အဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | ဦးပေါ်လွင်စိန် | ဥက္ကဋ္ဌ |
| (ခ) | ဒေါက်တာနန္ဒာမွန်း | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်စိုး | အဖွဲ့ဝင် |
| (ဃ) | ဒေါက်တာသန်းမြင့် | အဖွဲ့ဝင် |
| (င) | ဒေါ်နုနုယဉ် | အဖွဲ့ဝင် |
| (စ) | ဒေါက်တာတင်မောင်မောင်သန်း | အဖွဲ့ဝင် |
| (ဆ) | ဒေါက်တာမြင့်သူမြိုင် | အဖွဲ့ဝင် |
| (ဇ) | ဦးတင်အောင် | အဖွဲ့ဝင် |
| (ဈ) | ဦးကျော်မြင့် | အဖွဲ့ဝင် |




လက်ရှိအချိန်ထိ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကော်မရှင်အဖွဲ့ဝင်များ

## ကော်မရှင်ရုံး အကြီးအမှူး တာဝန်ထမ်းဆောင်ခဲ့သူများ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ရုံးအကြီးအမှူး အဖြစ် အောက်ပါအရာရှိကြီးများက တာဝန်ထမ်းဆောင်ခဲ့ကြပါသည် –

(က) ညွှန်ကြားရေးမှူး ဦးဦးကျော်ဇံ (အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တွဲဖက်ဝန်ထမ်း)–၂၀၁၁ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလအထိ၊

(ခ) ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင် (နိုင်ငံတော်သမ္မတရုံးမှ တွဲဖက်ဝန်ထမ်း) – ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအထိ၊

(ဂ) ညွှန်ကြားရေးမှူး ဦးကျော်ကျော် – ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ မှ ၂၀၁၅ ခုနှစ် မတ်လအထိ၊

(ဃ) ညွှန်ကြားရေးမှူး ဦးဘုန်းကြွယ် – ၂၀၁၅ ခုနှစ်၊ မတ်လမှ ၂၀၁၇ ခုနှစ်၊ မေလအထိ၊

(င) ဒုတိယညွှန်ကြားရေးမှူးချုပ်(ခေတ္တညွှန်ကြားရေးမှူးချုပ်) ဦးဘုန်းကြွယ် – ၂၀၁၇ ခုနှစ်၊ မေလမှ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအထိ၊

(စ) ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် – ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလမှ ယနေ့အထိ။

## ကော်မရှင်ရုံး ဖွဲ့စည်းပုံ

ကော်မရှင်ရုံး စတင်ဖွဲ့စည်းခဲ့သည့် ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို အောက်ဖော်ပြပါ ဌာန (၅) ခုဖြင့် ဖွဲ့စည်းခဲ့ပါသည် –

(က) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန

(ခ) လူ့အခွင့်အရေးဆိုင်ရာ မူဝါဒနှင့် ဥပဒေဌာန

(ဂ) လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန

(င) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့်လေ့ကျင့်ပညာပေးရေးဌာန

၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို အောက်ဖော်ပြပါ ဌာန (၆) ခုဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ကော်မရှင်၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိပါသည် -

(က) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန

(ခ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန

(ဂ) ဥပဒေရေးရာဌာန

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန

(င) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန

(စ) e-Government ဌာန

## နိုင်ငံတကာအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်ခြင်း
## အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် တာဝန်နှင့် လုပ်ပိုင်ခွင့်များအရ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့်လုပ်ငန်းစဉ် (Universal Periodic Review – UPR) အပါအဝင် အခြားအမျိုးသားအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် တာဝန်ရှိသည့်အားလျော်စွာ အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (Southeast Asia National Human Rights Institutions Forum – SEANF) သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ရန် လျှောက်ထားခဲ့ပါသည်။ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ကျင်းပသည့် ဖိုရမ်၏ (၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကာလအတွင်း ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ကို အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ဆဋ္ဌမမြောက် တင်းပြည့်အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပါသည်။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဖိုရမ်အဖွဲ့ဝင်ဖြစ်ပြီးနောက် ဖိုရမ်၏ လုပ်ငန်းအဖွဲ့ အစည်းအဝေးများနှင့် နှစ်ပတ်လည် အစည်းအဝေးများသို့ တက်ကြွစွာ ပါဝင်တက်ရောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ်တွင် ဖိုရမ်၏

အလှည့်ကျဥက္ကဋ္ဌအဖြစ် ဖိုရမ်လုပ်ငန်းအဖွဲ့ အစည်းအဝေး နှစ်ကြိမ်နှင့် နှစ်ပတ်လည် အစည်းအဝေးတို့ကို တာဝန်ယူကျင်းပခဲ့ပါသည်။ ကော်မရှင်က ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ်တွင် သက်ကြီးရွယ်အိုများအခွင့်အရေးနှင့်စပ်လျဉ်း၍ ဖိုရမ်၏ ထုတ်ပြန်ချက် တစ်ရပ်ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။

## အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အာရှဒေသခွဲ လူ့အခွင့်အရေး အဖွဲ့အစည်းဖြစ်သည့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ အဖွဲ့ဝင်ဖြစ်ပြီးနောက် ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်းဖြစ်သည့် အာရှပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (Asia Pacific Forum of National Human Rights Institutions – APF) တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရရှိရေး ဆက်လက်လှုပ်ရှားဆောင်ရွက်ခဲ့ပါသည်။ အာရှပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်ကို ၁၉၉၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် တင်းပြည့် အဖွဲ့ဝင် ( ၁၇ ) ဖွဲ့ နှင့် တွဲဖက်အဖွဲ့ဝင် ( ၉ ) ဖွဲ့ စုစုပေါင်း ( ၂၆ ) ဖွဲ့ ရှိပါသည်။

ဖိုရမ်၏ အဓိကရည်မှန်းချက်မှာ ဖိုရမ်အဖွဲ့ဝင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအနေဖြင့် လူ့အခွင့်အရေး မြှင့်တင်ရေး၊ စောင့်ကြည့်လေ့လာရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ရာတွင် လက်တွေ့ပံ့ပိုးမှုများပေးရေး၊ အစိုးရများနှင့် ပြည်သူ့အဖွဲ့အစည်းများအား အကြံဉာဏ်ပေးရေးတို့ဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့တွင် အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ တွဲဖက်အဖွဲ့ဝင် (Associate Member) ဖြစ်ခဲ့ပါသည်။

## အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး

ကော်မရှင်သည် ကုလသမဂ္ဂက ကမကထပြု၍ ၁၉၉၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ (International Coordinating Committee of National Institutions for the Promotion and Protection of Human Rights – ICC) သို့ ၂၀၁၅ ခုနှစ်၊ မတ်လတွင် အဆင့်သတ်မှတ်မှု ခံယူရန်နှင့် အဖွဲ့ဝင်အဖြစ် လက်ခံရန် လျှောက်ထားခဲ့ပါသည်။ ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင် နိုင်ငံတကာညှိနှိုင်းရေးကော်မတီအောက်ရှိ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ အဆင့်သတ်မှတ်ရေးဆပ်ကော်မတီ (Sub-Committee on Accreditation – SCA) က မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ကို "ဘီ" အဆင့် ("B" Status) အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျင်းပခဲ့သော နိုင်ငံတကာညှိနှိုင်းရေးကော်မတီ (ICC) ၏ဗျူရိုအစည်းအဝေးတွင် ကော်မရှင်ကို အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ပါသည်။ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ အဆင့်သတ်မှတ်ရေး ဆပ်ကော်မတီ (SCA) ၏ အစီရင်ခံစာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို ဥပဒေဖြင့် ဖွဲ့စည်းတည်ထောင်မှုအား ကြိုဆိုပါကြောင်း၊ ကော်မရှင်အနေဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ရှိသော်လည်း လူ့အခွင့်အရေး မြှင့်တင်ရေးကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေမှုများအတွက် ချီးကျူးပါကြောင်း၊ အထူးသဖြင့် လူ့အခွင့်အရေးကို လက်တွေ့ကျင့်သုံးရန် အဓိကကျသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို လူ့အခွင့်အရေး ပညာပေးရန် ညှိနှိုင်း စီစဉ်ဆောင်ရွက်မှုအတွက် ချီးကျူးပါကြောင်း စသည်ဖြင့် ဖော်ပြခဲ့ပါသည်။

အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ နိုင်ငံတကာညှိနှိုင်းရေးကော်မတီ (International Coordinating Committee of National Institutions for the Promotion and Protection of Human Rights – ICC) ကို ၂၀၁၆ ခုနှစ်တွင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions – GANHRI) အဖြစ် အမည်ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။

## ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှုခံယူခြင်း (Capacity Assessment)

ကော်မရှင်၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ဆောင်ရွက်ရန် အလို့ငှာ ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှုကို ပြုလုပ်ရန်အတွက် အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) မှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင် နယူးဇီလန်နိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌဟောင်း Ms. Rosslyn Joy Noonan သည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ အကြိုခရီးစဉ်အဖြစ် ရန်ကုန်မြို့သို့ လာရောက်ခဲ့ပြီး ကော်မရှင်၏ စွမ်းဆောင်ရည်ကို ဆန်းစစ်မှုအတွက် လုပ်ငန်းစီမံချက်ကို ကော်မရှင် ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် အာရှပစိဖိတ်အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF)၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) တို့၏ ပံ့ပိုးမှုဖြင့် ကော်မရှင်၏ စွမ်းဆောင်ရည်ဆန်းစစ်မှုကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှ ၁၆ ရက်နေ့အထိ ဆောင်ရွက်ခဲ့ရာ ကော်မရှင်နှင့် လူ့အခွင့်အရေးကိစ္စရပ်များတွင် အဓိက ဆက်သွယ် ဆောင်ရွက်လျက်ရှိသော အစိုးရဝန်ကြီးဌာနများမှ အဆင့်မြင့် အရာရှိကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ အဆင့်မြင့် ပုဂ္ဂိုလ်များနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ အပါအဝင် အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် နေပြည်တော်၊ မန္တလေးမြို့တို့ရှိ ကော်မရှင်ရုံးခွဲများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကော်မရှင်၏ စွမ်းဆောင်ရည်နှင့် စပ်လျဉ်းသည့် ဆန်းစစ်မှုများ ပြုလုပ်ခဲ့ပါသည်။ "မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှု အစီရင်ခံစာ (Capacity Assessment Report) စတင်ဖြန့်ချီခြင်း" အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့တွင် ရန်ကုန်မြို့၊ Inya Lake Hotel ၌ ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်

များ၊ UNDP မှ Deputy Country Director Ms. Dawn Del Rio နှင့် ဝန်ထမ်းများ၊ OHCHR မှ ကိုယ်စားလှယ်များ၊ နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ရေးဆွဲရေးလုပ်ငန်းစဉ် ဆောင်ရွက်ခြင်း

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏စွမ်းဆောင်ရည် ဆန်းစစ်မှုကို ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့ပြီး အဆိုပါ စွမ်းဆောင်ရည် ဆန်းစစ်မှု အစီရင်ခံစာပါ အကြံပြုချက်များတွင် ကော်မရှင်၏ မဟာဗျူဟာ စီမံကိန်း တစ်ရပ် ရေးဆွဲဆောင်ရွက်ရန် အကြံပြု တိုက်တွန်းချက် တစ်ရပ် ပါဝင်ခဲ့ပါသည်။ ထို့ကြောင့် ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (Strategic Plan) (၂၀၂၀-၂၀၂၄) မူကြမ်းရေးဆွဲခြင်းနှင့် စပ်လျဉ်း၍ အာရှပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (APF) မှ ကျွမ်းကျင်သူများ ဖြစ်သည့် Ms. Rosslyn Joy Noonan နှင့် Ms. Mohottalatage Thanuja Dayadari Navartne တို့သည် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အရာထမ်းများနှင့် ကော်မရှင်ရုံး၊ အစည်းအဝေးခန်းမ၌ ၂၀၁၉ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့မှ ၇ ရက်နေ့အထိ (၅) ရက်တာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မဟာဗျူဟာရေးဆွဲရေး လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊ ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်၊ အခွင့်အလမ်းနှင့် စိန်ခေါ်မှုများအား ခြုံငုံသုံးသပ်ခြင်း၊ ဆန်းစစ်ခြင်း၊ အကြံပေး ညှိနှိုင်းဆွေးနွေးခြင်းနှင့် မဟာဗျူဟာ စီမံကိန်း (မူကြမ်း) စတင် ရေးဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) နှင့် စပ်လျဉ်း၍ APF မှ ကျွမ်းကျင်သူဖြစ်သည့် Ms. Mohottalatage Thanuja Dayadari Navartne သည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် အရပ်ဘက်အဖွဲ့အစည်းများနှင့် ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံခဲ့ပါသည်။ ထို့နောက် Ms. Mohottalatage Thanuja Dayadari Navartne

သည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင် ဒေါက်တာ ဒေါ်တင်မေထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးဇေယျာလင်းတို့ လိုက်ပါ လျက် နေပြည်တော်သို့ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့မှ ဩဂုတ်လ ၁ ရက်နေ့အထိ သွားရောက်ကာ ကော်မရှင်နှင့် အဓိက ထိတွေ့ဆက်သွယ် ဆောင်ရွက်လျက်ရှိသည့် အစိုးရ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့များ နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) ရေးဆွဲရေး နှင့် စပ်လျဉ်း၍ APF မှ ကျွမ်းကျင်သူများဖြစ်သည့် Ms. Rosslyn Joy Noonan နှင့် Ms. Mohottalatage Thanuja Dayadari Navartne တို့သည် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကော်မရှင် ရုံးအစည်းအဝေးခန်းမ၌ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ အရာထမ်း များနှင့် တွေ့ဆုံဆွေးနွေး၍ ကော်မရှင်၏ မဟာဗျူဟာ စီမံကိန်း (၂၀၂၀-၂၀၂၄) ကို အပြီးသတ် ရေးဆွဲပြီး လုပ်ငန်းစီမံချက် (Operational Plan) (၂၀၂၀) ကိုလည်း ရေးဆွဲခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ စွမ်းဆောင် ရည်မြှင့်တင်ရန်အတွက် APF၊ UNDP နှင့် OHCHR တို့၏ ကူညီပံ့ပိုးမှုဖြင့် ရေးဆွဲအတည်ပြုခဲ့သော ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) နှင့် လုပ်ငန်းစီမံချက် (၂၀၂၀) တို့အား မိတ်ဆက်ခြင်း အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်နေ့တွင် ရန်ကုန်မြို့၊ Inya Lake Hotel ၌ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ UNDP၊ OHCHR နှင့် APF တို့မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ သံရုံးများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် အရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

## လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အခမ်းအနားများ ကျင်းပခြင်း

ကော်မရှင်အနေဖြင့် လူ့အခွင့်အရေး အသိပညာဗဟုသုတများ ရရှိ စေရန် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် အထိမ်းအမှတ်နေ့များဖြစ်သည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့၊ မြန်မာအမျိုးသမီးများနေ့၊ အပြည်

ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့၊အပြည်ပြည်ဆိုင်ရာကလေးသူငယ်များနေ့၊ အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့တို့တွင် အခမ်းအနားများ ကျင်းပဆောင်ရွက်လျက်ရှိပါသည်။

## အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ အခမ်းအနားများ ကျင်းပခြင်း

ကုလသမဂ္ဂအထွေထွေညီလာခံသည်ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (Universal Declaration of Human Rights – UDHR) အတည်ပြုထုတ်ပြန်ခဲ့သည့် ဒီဇင်ဘာလ ၁၀ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ အဆိုပါနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးကလူ့အခွင့်အရေးနေ့အထိမ်းအမှတ်အခမ်းအနားများကျင်းပလေ့ရှိသည့်အားလျော်စွာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့်လည်း နိုင်ငံတကာ အသိုက်အဝန်းနည်းတူ ဤအထိမ်းအမှတ် အခါသမယကို ၂၀၁၅ ခုနှစ်မှ စတင်၍ ပါဝင်ဆင်နွှဲလျက်ရှိပါသည်။ ထိုသို့ဆင်နွှဲရာတွင် ကော်မရှင်၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်၍လည်းကောင်း၊ ကော်မရှင်ရုံးဝန်ထမ်းများ အပါအဝင် ပြည်သူများ လူ့အခွင့်အရေးနေ့နှင့် စပ်လျဉ်း၍ စိတ်ဝင်စားမှု ပိုမိုအားကောင်းလာစေရန် ရည်ရွယ်လျက် ကဗျာ၊ ဆောင်းပါး၊ ကာတွန်း၊ စာစီစာကုံး၊ ရုပ်ရှင်ဇာတ်လမ်းတို၊ ဘာသာပြန်၊ Logo နှင့် ဥဒဏ်စမ်းပဟေဠိ ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြင့်လည်းကောင်း လူ့အခွင့်အရေးနေ့အထိမ်းအမှတ်အခမ်းအနားများကို အောက်ပါအတိုင်း နှစ်စဉ် ကျင်းပလျက်ရှိပါသည် –

(က) ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး၌ ကျင်းပပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေးနေ့အထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့သည့် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ပါသည်၊

(ခ) ၂၀၁၆ ခုနှစ်တွင် ရန်ကုန်မြို့၊ Panda Hotel ၌ ကျင်းပပြု

လုပ်ခဲ့ပြီး လူ့အခွင့်အရေးနေ့ အထိမ်းအမှတ်အဖြစ် ပြုလုပ်ခဲ့သည့် အခြေခံပညာ အထက်တန်းနှင့် အလယ်တန်း အဆင့် စာစီစာကုံးပြိုင်ပွဲများ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ချီးမြှင့်ခဲ့ပါသည်၊

(ဂ) ၂၀၁၇ ခုနှစ်တွင် ရန်ကုန်မြို့၊ Panda Hotel ၌ ကျင်းပပြုလုပ်ခဲ့ပြီး ကော်မရှင်၏ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယို ပြသခဲ့ပါသည်၊

(ဃ) ၂၀၁၈ ခုနှစ်တွင် ရန်ကုန်မြို့၊ အပြည်ပြည်ဆိုင်ရာ စီးပွားရေး ဗဟိုဌာန (IBC) ၌ ကျင်းပပြုလုပ်ခဲ့ပြီး ယင်းအခမ်းအနားတွင် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများ ချီးမြှင့်ခဲ့ပါသည်၊

(င) ၂၀၁၉ ခုနှစ်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ ကျင်းပပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေး မှတ်တမ်းဗီဒီယို ပြသခြင်း၊ ကော်မရှင်၏ မူပိုင်တေးသီချင်း ဖြစ်သော **"အားလုံးအတွက် လူ့အခွင့်အရေး"** သီချင်းဖြင့် သီဆိုဖျော်ဖြေခြင်း၊ ကော်မရှင်နှင့် မဟာမိတ်မြန်မာ (Alliance Myanmar) တို့ ပူးပေါင်းပြုလုပ်သည့် ရုပ်ရှင်ဇာတ်လမ်းတိုပြိုင်ပွဲမှ ဆုရရှိသူများအား ဆုချီးမြှင့်ခဲ့ပါသည်၊

(စ) ၂၀၂၀ ပြည့်နှစ်တွင် Virtual Online စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ကော်မရှင်နှင့် Good Neighbor International (GNI) တို့ ပူးပေါင်းစီစဉ်ဖန်တီးသည့် လူ့အခွင့်အရေးဆိုင်ရာ Animation ပြသခြင်း၊ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုများ ပေးအပ်ခြင်း၊ ကော်မရှင်နှင့် မဟာမိတ်မြန်မာ (Alliance Myanmar) တို့ ပူးပေါင်းပြုလုပ်သည့် ရုပ်ရှင်ဇာတ်လမ်းတိုပြိုင်ပွဲမှ ဆုရရှိသူများအား ဆုချီးမြှင့်

ခဲ့ပါသည်၊

(ဆ) ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ကျင်းပပြုလုပ်ခဲ့ပြီး လူ့အခွင့်အရေးနေ့အထိမ်းအမှတ် ကဗျာ၊ ဆောင်းပါး၊ ဘာသာပြန်ပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ကော်မရှင်ရုံး ဌာနအလိုက်လုပ်ငန်းဆောင်ရွက်ချက်ပြိုင်ပွဲများမှ ဆုရရှိသူများအား ဆုများပေးအပ်ခြင်းနှင့် ကော်မရှင်၏ Website အသစ်စတင်မိတ်ဆက်ခြင်းတို့ ပြုလုပ်ခဲ့ပါသည်၊

(ဇ) ၂၀၂၂ ခုနှစ်တွင် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် (၇၄) နှစ်မြောက်အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းအခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ်တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားခြင်း၊ အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ကော်မရှင်ဆောင်ရွက်ချက်ပြခန်းများအား လှည့်လည်ကြည့်ရှု အားပေးခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ကော်မရှင်၏ Mobile Application ကို စတင်မိတ်ဆက်ခဲ့ပါသည်။

## ကော်မရှင်ရုံးနှင့် ရုံးခွဲများ

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် ကော်မရှင်ရုံးကို အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားရှိပြီး ကော်မရှင်ရုံးခွဲ (၄) ရုံးကို ဖွင့်လှစ်ထားရှိပါသည်။ ကော်မရှင် နေပြည်တော် (ရုံးခွဲ) ကို သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်တွင်လည်းကောင်း၊ ကော်မရှင် မန္တလေး (ရုံးခွဲ) ကို ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တွင်လည်းကောင်း၊ ကော်မရှင် စစ်တွေ (ရုံးခွဲ)

ကို ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်း၊ စစ်တွေမြို့တွင်လည်းကောင်း၊ ကော်မရှင် ပုသိမ် (ရုံးခွဲ) ကို မြို့နယ်စုပေါင်းရုံးဝင်း၊ ပုသိမ်မြို့တွင်လည်းကောင်း ဖွင့်လှစ်ထားရှိပါသည်။ ကော်မရှင်ရုံး ဖွဲ့စည်းပုံတွင် အရာထမ်း (၈၇) ဦး၊ အမှုထမ်း (၂၃၅) ဦး စုစုပေါင်း ဝန်ထမ်း (၃၂၂) ဦးရှိပြီး လက်ရှိတွင် အရာထမ်း (၃၇) ဦး၊ အမှုထမ်း (၆၇) ဦး စုစုပေါင်း ဝန်ထမ်း (၁၀၄) ဦးဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိပါသည်။



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် နေပြည်တော် (ရုံးခွဲ)



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် မန္တလေး (ရုံးခွဲ)




မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် စစ်တွေ (ရုံးခွဲ)




မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုသိမ် (ရုံးခွဲ)

## ကော်မရှင်၏ သတင်းထုတ်ပြန်ချက်များ

ကော်မရှင် စတင်ဖွဲ့စည်းသည့် ၂၀၁၁ ခုနှစ်မှ စတင်၍ နှစ်စဉ် သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်လျက်ရှိရာတွင် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ထုတ်ပြန်သည့် "တိုင်တန်းချက်များ လက်ခံခြင်း" သတင်းထုတ်ပြန်ချက်သည် ကော်မရှင်၏ ပထမဆုံးသတင်းထုတ်ပြန်ချက် ဖြစ်ပါသည်။ နှစ်အလိုက် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်အရေအတွက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | |
|---|---|---|
| (က) | ၂၀၁၁ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၇) စောင် |
| (ခ) | ၂၀၁၂ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၈) စောင် |
| (ဂ) | ၂၀၁၃ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၄) စောင် |
| (ဃ) | ၂၀၁၄ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၆) စောင် |
| (င) | ၂၀၁၅ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၁၇) စောင် |
| (စ) | ၂၀၁၆ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၁၆) စောင် |
| (ဆ) | ၂၀၁၇ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၁၄) စောင် |
| (ဇ) | ၂၀၁၈ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၁၂) စောင် |
| (ဈ) | ၂၀၁၉ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၇) စောင် |
| (ည) | ၂၀၂၀ ပြည့်နှစ်တွင် သတင်းထုတ်ပြန်ချက် | (၁၅) စောင် |
| (ဋ) | ၂၀၂၁ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၁၀) စောင် |
| (ဌ) | ၂၀၂၂ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၄) စောင် |
| (ဍ) | ၂၀၂၃ ခုနှစ်တွင် သတင်းထုတ်ပြန်ချက် | (၉) စောင် |

၂၀၁၁ ခုနှစ်မှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လထိ စုစုပေါင်း သတင်းထုတ်ပြန်ချက် (၁၂၉) စောင် ထုတ်ပြန်ခဲ့ပါသည်။

## နိဂုံး

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်၏ မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် ရည်မှန်းချက်များ ပြည့်မီစေရန်အတွက် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး အသိပညာ ပြန့်ပွားရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ လူ့အခွင့်အရေးစံနှုန်းနှင့် ကိုက်ညီသော ပြည်တွင်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ အကြံပြု တင်ပြခြင်းနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်းတို့ကို ကော်မရှင်ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများနှင့် သင့်လျော်သလို တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလေးထားဆောင်ရွက်ခြင်းဖြင့် ကော်မရှင်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် လူ့အခွင့်အရေးကို နိုင်ငံသားများ ပိုမိုရရှိခံစားနိုင်ပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာကျင့်သုံးသည့် လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ပေါက်လာမည်ဟု ယုံကြည်ပါသည်။

နောက်ဆက်တွဲ (က)

# ကော်မရှင်မှ နှစ်အလိုက် ထုတ်ပြန်ခဲ့သည့် သတင်းထုတ်ပြန်ချက်များ

## ၂၀၁၁ ခုနှစ်

| စဉ် | အကြောင်းအရာ |
|---|---|
| ၁ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် တိုင်တန်းချက်များ လက်ခံခြင်း အသိပေး ကြေညာချက် |
| ၂ | နိုင်ငံတော်သမ္မတထံသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကျဉ်းကျခံနေရသူများနှင့် စပ်လျဉ်းသည့်မေတ္တာ ရပ်ခံ တင်ပြသည့် အိတ်ဖွင့်ပေးစာ |
| ၃ | နိုင်ငံတော်သမ္မတထံသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကျဉ်းကျခံနေရသူများနှင့် စပ်လျဉ်းသည့်မေတ္တာ ရပ်ခံ တင်ပြသည့် အိတ်ဖွင့်ပေးစာ |
| ၄ | အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် |
| ၅ | နိုင်ငံတကာလူ့အခွင့်အရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ထုတ်ပြန်ချက် |
| ၆ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ကချင်ပြည်နယ် ရပ်ရွာစွန့်ခွာသူများနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် |
| ၇ | အင်းစိန် အကျဉ်းထောင်နှင့် လှေလှော်အင်း ရဲဘက်စခန်းတို့သို့ သွားရောက်ခဲ့ခြင်းနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက် |

နောက်ဆက်တွဲ (က) အဆက် (၁)

## ၂၀၁၂ ခုနှစ်

| စဉ် | အကြောင်းအရာ |
|---|---|
| ၁ | ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် |
| ၂ | မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ရပ်တည်ဆောင်ရွက်လျက်ရှိခြင်းနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက် (၂/၂၀၁၂) |
| ၃ | အရွယ်မရောက်သေးသော ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် |
| ၄ | ရခိုင်ပြည်နယ်၌ ၂၀၁၂ ခုနှစ်၊ ဇွန်လအတွင်း ပဋိပက္ခဖြစ်စဉ်များနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၄/၂၀၁၂) |
| ၅ | ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့ရှိ စောင့်ရှောက်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၅/၂၀၁၂) |
| ၆ | အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် အဖွဲ့ဝင်အဖြစ် လျှောက်ထားသည့် ကိစ္စနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက် (၆/၂၀၁၂) |
| ၇ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အား အာရှနှင့်ပစိဖိတ်ဒေသအမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ်၏ အဖွဲ့ဝင်အဖြစ် လက်ခံလိုက်ကြောင်း သတင်းထုတ်ပြန်ချက် (၇/၂၀၁၂) |
| ၈ | ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာလူ့အခွင့်အရေးနေ့ အထိမ်းအမှတ်နှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက် (၈/၂၀၁၂) |

နောက်ဆက်တွဲ (က) အဆက် (၂)

## ၂၀၁၃ ခုနှစ်

| စဉ် | အကြောင်းအရာ |
|---|---|
| ၁ | ကချင်ပြည်နယ် ပဋိပက္ခဖြစ်စဉ်မှ ဒုက္ခသည်များအတွက် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၁/၂၀၁၃) |
| ၂ | ကချင်ပြည်နယ် ပဋိပက္ခနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၂/၂၀၁၃) |
| ၃ | ရခိုင်ပြည်နယ် ပဋိပက္ခများနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၃/၂၀၁၃) |
| ၄ | ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာ လူ့အခွင့်အရေးနေ့နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၄/၂၀၁၃) |

နောက်ဆက်တွဲ (က) အဆက် (၃)

## ၂၀၁၄ ခုနှစ်

| စဉ် | အကြောင်းအရာ |
|---|---|
| ၁ | နိုင်ငံတော်သမ္မတ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၁/၂၀၁၄) |
| ၂ | ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်၊ ဒုချီးရားတန်းကျေးရွာအဖြစ်အပျက်နှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက် (၂/၂၀၁၄) |
| ၃ | ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီး သေဆုံးမှုနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးမှု သတင်းထုတ်ပြန်ချက် (၃/၂၀၁၄) |
| ၄ | ကိုအောင်နိုင် (ခ) ကိုအောင်ကျော်နိုင် (ခ) ကိုပါကြီးဆိုသူ သေဆုံးမှုတွင် သက်သေထွက်ဆိုချက်ပေးရန် ပျက်ကွက်ခဲ့ကြသူများနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၄/၂၀၁၄) |
| ၅ | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၅/၂၀၁၄) |
| ၆ | ဒေါ်ဆွမ်လွတ်ရွှယ်ဂျာ ပျောက်ဆုံးမှုနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၆/၂၀၁၄) |

နောက်ဆက်တွဲ (က) အဆက် (၄)

## ၂၀၁၅ ခုနှစ်

| စဉ် | အကြောင်းအရာ |
|---|---|
| ၁ | ၂၂-၁၂-၂၀၁၄ ရက်နေ့ ဆားလင်းကြီးမြို့နယ်၊ လက်ပံတောင်းတောင် ကြေးနီစီမံကိန်း အဓိကရုဏ်း ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရ သေဆုံးမှုများနှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးမှု သတင်းထုတ်ပြန်ချက် (၁/၂၀၁၅) |
| ၂ | လောက်ကိုင်ဒေသ လက်နက်ကိုင် ပဋိပက္ခများနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၂/၂၀၁၅) |
| ၃ | ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ဗဟို အကျဉ်းထောင်ကို ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၃/၂၀၁၅) |
| ၄ | တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်မူကြမ်းကို နှစ်ဖက်သဘောတူ ညှိနှိုင်း ပြုစုရေးဆွဲပြီးစီးကြောင်း အတည်ပြုချက်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် (၄/၂၀၁၅) |
